# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၇။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၄၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ခွင့်ပန်ကြားတဲ့ လွှတ်တော် ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းဆွေ၊ မကွေး(၇)၊ ဆေးရုံတက်။ ဦးဆားရယ်၊ ကယား(၆)၊ ကျန်းမာရေး။ ဦးကျော်ဒင်(ခေါ်)ဦးဒွေးရယ်၊ ကယား(၂)၊ ကျန်းမာရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ရေဘေးကယ်ဆယ်ရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ မိခင်ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ဆေးစစ်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ မိခင်ကျန်းမာရေး။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ဇနီးကျန်းမာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဒွေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ မိခင်ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်ရေးကိုယ်တာ။ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့၊ ကရင်(၁)၊ ရေဘေးကယ်ဆယ်ရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကျန်းမာရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးကြီး အောင်ကျော်၊ တပ်မတော်၊ အရေးကြီးတာဝန်။ ဗိုလ်မှူး ရဲမင်းထွေး၊ တပ်မတော်၊ ကျန်းမာရေး။ ဦးစံပြည်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**တနင်္သာရီမြို့နယ်၏ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဆင့်နှင့်လျော်ညီသည့် အဆောက်အဦ တိုးချဲ့ဆောက်လုပ်ပေးရေးနှင့် ဝန်ထမ်းအိမ်ရာများ ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် က တနင်္သာရီမြို့နယ်၏ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ အဆင့်နှင့်လျော်ညီသည့် အဆောက်အဦ တိုးချဲ့ဆောက်လုပ်ပေးရေးနှင့် ဝန်ထမ်းအိမ်ရာများ ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ တနင်္သာရီမြို့နယ်၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဆင့်နှင့် လျော်ညီတဲ့ အဆောက်အဦ တိုးချဲ့ဆောက်လုပ်ပေးရေးနဲ့ ဝန်ထမ်းအိမ်ရာများ ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပေးဖို့ အစီအစဉ်နဲ့ စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တနင်္သာရီမြို့နယ်၊ ပြည်သူ့ဆေးရုံဟာ ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ်နဲ့ အဆင့်တိုးမြှင့်ပေးခဲ့တာဟာ လွန်ခဲ့တဲ့(၄)၊ (၅)နှစ် ကတည်းက ဖြစ်ပါတယ်။ ဒါပေမဲ့ ယခင်က ရှိခဲ့တဲ့ (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့် အဆောက်အဦအတိုင်းပဲ ဘာမှ တိုးချဲ့ခြင်း မရှိဘဲနဲ့ ဒီအတိုင်းပဲ လူနာကုသမှုတွေကို ဆောင်ရွက်နေရတာဖြစ်တဲ့အတွက် ဒီ ခုတင်(၅၀)ဆံ့ ဆေးရုံအဆင့်လျော်ညီတဲ့ အဆောက်အဦ၊ လူနာဆောင်များ တိုးချဲ့ပေးဖို့အတွက်ကို ကျွန်တော် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့က အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမှာ ဒီမေးခွန်းနဲ့ပဲ တစ်ဆက်တစ်စပ်တည်းပဲ ခုတင်(၅၀)ဆံ့ ဆေးရုံအဆင့်နဲ့လျော်ညီတဲ့ အဆောက်အဦတွေ တိုးချဲ့ပေးဖို့ဆိုတာ တင်ပြတောင်းခံခဲ့ဖူးပါတယ်။

အခုတစ်ခါ ဆက်ပြီးတော့ အဲဒီမှာ ဒီ ပထမတင်ပြတောင်းခံခဲ့စဉ်က ကျွန်တော်တို့ တနင်္သာရီမြို့နယ်ဟာ ဒေသခံပြည်သူများက ပြည်သူ့ဆေးရုံအပေါ်မှာ သံသယစိတ်အမျိုးမျိုးနဲ့ တက်ရောက်ကုသမှုဟာ လွန်စွာကို နည်းပါးပြီးတော့ ဒီမိုင်(၅၀)ကျော်ခန့်ဝေးတဲ့ ခရိုင်ဆေးရုံကြီးမှာ သွားရောက်ကုသနေတဲ့ ဒါ အခက်အခဲ အမျိုးစုံတွေ ကြုံတွေ့၊ ငွေကြေးစရိတ်စခတွေ များပြားစွာ ကုန်ကျတာ၊ လွန်စွာပင်ပန်းဆင်းရဲနေတာကို ကြုံတွေ့နေရတဲ့အတွက် ကျွန်တော် ဒီ ခုတင်(၅၀)ဆံ့ဆေးရုံအဆင့်နဲ့ လျော်ညီတဲ့ ခွဲစိတ်ကုသမှု ကျွမ်းကျင်တဲ့ ဆရာဝန်ဆရာများ ရရှိရေး၊ လူနာဆောင်များ တိုးချဲ့ရရှိရေး ဆိုတဲ့ ဒီတင်ပြ တောင်းခံတဲ့နေရာမှာ ဒီကျန်းမာရေးဝန်ကြီးကိုယ်တိုင်က ဘာတွေ ပြန်ဖြေကြားသွားခဲ့သလဲဆိုတော့ ဒီ တနင်္သာရီမြို့နယ်မှာ အခုလက်ရှိ (၂၅)ခုတင်ဆံ့ အဆောက်အဦမှာ ခုတင်(၅၀)ဆံ့ ဖြစ်သော်လည်းပဲ တက်ရောက်ကုသသော လူနာများ လွန်စွာကို နည်းပါးလွန်းခြင်း၊ ပြီးတော့ ခုတင်(၅၀)ဆံ့အဆင့်မှာ ခွဲစိတ်ကျွမ်းကျင်ဆရာဝန် ဖွဲ့စည်းပုံမှာကိုက မပါရှိခြင်းတို့ကြောင့် တကယ်လို့

လိုအပ်လာမယ်ဆိုရင် ဒီအခြေအနေကို ကြည့်ပြီးတော့ ပြန်လည်တက်ရောက်ကုသသူများ များပြားလာရင် ပြန်လည်စိစစ်ပြီးတော့ ဆောင်ရွက်ပေးပါ့မယ်ဆိုတဲ့ ဖြေကြားချက်ရှိခဲ့ပါတယ်။

အခု ဒီကနေ့မှာဆိုရင် ဒီပြီးခဲ့တဲ့ ပထမ ၂၀၁၂ ခုနှစ်က မေးခွန်းတင်ပြနေစဉ်အခါမှာ ယခင်ရှိခဲ့တဲ့ ဆေးရုံအုပ်ကြီးဟာ ထားဝယ်တိုင်းရုံးကို အစည်းအဝေးသွားရင်းနဲ့ ရုတ်တရက် မမျှော်လင့်ဘဲ သေဆုံး သွားခဲ့တာနဲ့ ကြုံကြိုက်ခဲ့ရပါတယ်။ အဲဒီမှာ ကျွန်တော်ရဲ့ တင်ပြချက်နဲ့ ကြုံကြိုက်လို့ပဲ တနင်္သာရီ မြို့နယ်ကို ခွဲစိတ်ကျွမ်းကျင်တဲ့ ဆေးရုံအုပ် စီနီယာဆရာဝန်မကြီးကို ပြောင်းရွှေ့ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြီးတော့တစ်ခါ ခွဲစိတ်ကျွမ်းကျင် လက်ထောက်ဆရာဝန်တစ်ဦးကိုလည်း ဒီကနေ့မှာဆိုရင် ပေးပို့ခန့်ထားပြီး ဖြစ်ပါတယ်။ အဲဒီ ဆရာဝန်/ဆရာမများဟာ အခုဆိုရင် တနင်္သာရီ မြို့နယ်မှာ အရင်လို မဟုတ်တော့ဘဲ စေတနာပြည့်ဝစွာ ထားရှိပြီးတော့ လူနာတွေအပေါ်မှာ ပျူငှာ ချိုသာစွာနဲ့ ပြုစုကုသဆောင်ရွက်နေတဲ့အတွက် ဒေသခံပြည်သူများဟာလည်းပဲ ကျွန်တော်တို့ ဒီ တနင်္သာရီမြို့နယ်၊ ပြည်သူ့ဆေးရုံအပေါ်မှာ အရင်ကလို သံသယစိတ်တွေမရှိတော့ဘဲ ယုံကြည်အားကိုးစွာနဲ့ တက်ရောက်ကုသ နေကြပြီဖြစ်ပါတယ်။ ယခုလက်ရှိဆရာဝန် ဆေးရုံအုပ်ကြီးဟာဆိုရင်လည်းပဲ သူ့ရဲ့ ကိုယ်ပိုင်ဆေးခန်း မှာတောင်မှ ဒီဆင်းရဲနွမ်းပါးသူများကို အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်နေတာကိုလည်းပဲ တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ဒီ ယုံကြည်ကိုးစားမှု ရလာတာနဲ့အမျှ ကျွန်တော်တို့ တနင်္သာရီဆေးရုံမှာ တက်ရောက်ကုသသူ လူနာများဟာ တစ်နေ့တခြား များပြားလျှက်ရှိပြီးတော့ အခုဆိုရင် ရံဖန်ရံခါ ဒီ စင်္ကြံလမ်းမှာတောင်မှ ကုတင်တွေချပြီးလူနာကုသနေရတဲ့ဟာတွေကို ကြုံတွေ့နေရပြီ ဖြစ်ပါတယ်။

ဒီ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလကနေပြီးတော့ မေလကုန်အထိ ဆေးဝါးကုသမှုမှတ်တမ်းမှာ အတွင်းလူနာအဖြစ်နဲ့ တက်ရောက်ကုသသူပေါင်းဟာ (၄၁၈)ဦး ရှိပြီးတော့၊ ဒီ ပြင်ပလူနာအဖြစ် တက်ရောက်ကုသသူဟာ (၆၉၁)ဦး ရှိခဲ့တာကို တွေ့ရပါတယ်။ ကျန်းမာစွာဖြင့် ပြန်လည်ပြီးတော့ ဆေးရုံဆင်းသွားနိုင်သူဟာ (၄၀၅)ဦးအထိ ရှိနေပြီဖြစ်တဲ့အတွက် ဆေးရုံမှာ အသေအပျောက်ဟာ တစ်ဦးစ၊ နှစ်ဦးစပဲ ရှိနေတာကို တွေ့ရှိနေရပြီ ဖြစ်ပါတယ်။

ဒါကြောင့် ပထမမေးခွန်းအနေနဲ့က ဒီအခက်အခဲဖြစ်နေတဲ့ လူနာဆောင်ကို ကုတင်(၅၀)ဆံ့ အဆင့်နဲ့ လျော်ညီတဲ့ အဆောက်အဦတိုးချဲ့ပေးရေး အစီအစဉ်ကို ယခင်ကျန်းမာရေးဝန်ကြီး ကတိထားခဲ့တဲ့အတိုင်း ဆောင်ရွက်ပေးဖို့ မျှော်လင့်နေကြောင်းကိုလည်း ပထမမေးခွန်းအနေနဲ့ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ အခု တနင်္သာရီမြို့နယ်မှာ ဆေးရုံအုပ်ကြီးအပါအဝင် ဒီ သွားဘက်ဆိုင်ရာ ဆရာဝန်ရော၊ လက်ထောက်ဆရာဝန်တွေပါ (၄)ဦးရှိတဲ့နေရာမှာ ဆရာဝန်/ဆရာမတွေအတွက် ဆရာဝန်အဆောင် က (၂)ဆောင်သာလျှင် ရှိပြီးတော့ ဒီ လွန်ခဲ့တဲ့ နှစ်(၃၀)ခန့်က ဆောက်လုပ်ထားတဲ့ ဆရာမတွေ နေတဲ့ (၁၅)ပေခန့် ရှိတဲ့ (၂)ဆောင်တွဲ၊ (၁၅)ပေ (၂)ခန်းတွဲ အဆောင်(၁)ဆောင်ကိုလည်းပဲ (၁)ဆောင် တည်းသာရှိပါတယ်။ ပြီးတော့ ကျန်းမာရေးဝန်ထမ်း အတွက် ဒီ (၁၅)ပေခန့် (၄)ခန်းတွဲ အဆောင် (၁) ဆောင်သာလျှင်ရှိတဲ့အတွက် လက်ရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ/ဆရာမများဟာ နေထိုင်မှုအတွက် လွန်စွာမှ ခက်ခဲပင်ပန်းနေတာကို တွေ့ကြုံနေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တနင်္သာရီမြို့နယ်ရဲ့ ဆရာဝန်/ဆရာမများအပါအဝင် ကျန်းမာရေးဝန်ထမ်းများပါ ဝန်ထမ်းအိမ်ရာ

လုံလောက်မှုတစ္စာ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်မယ့်အစီအမံများကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လွိုင်လင်မြို့တွင် အရန်သားဖွား(၆)လသင်တန်းများ ဖွင့်လှစ်သင်ကြားဆောင်ရွက်မှုကို ၁၉၇၀ ပြည့်လွန်နှစ်များကစ၍ နှစ်စဉ် ဖွင့်လှစ်သင်ကြားခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ဖွင့်လှစ်မှု မရှိတော့သောကြောင့် ယခု ပြန်လည် ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က လွိုင်လင်မြို့တွင် အရန်သားဖွား (၆)လသင်တန်းများ ဖွင့်လှစ်သင်ကြားဆောင်ရွက်မှုကို ၁၉၇၀ ပြည့် လွန်နှစ်များကစ၍ နှစ်စဉ် ဖွင့်လှစ်သင်ကြားခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ဖွင့်လှစ်မှု မရှိတော့သောကြောင့် ယခု ပြန်လည် ဖွင့်လှစ် သင်ကြားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်မှ ပုဂ္ဂိုလ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။ ယနေ့ကျွန်တော် ယခင်အစိုးရများက ဖွင့်လှစ်ပေးတဲ့ အရန်သားဖွား (၆)လသင်တန်း ယခု ပြန်လည်ဖွင့်လှစ် သင်ကြားပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာကို ပြည်သူများက သိချင်တဲ့အတွက်ကြောင့် ၎င်းတို့ရဲ့ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့မှာ ယခင် အစိုးရလက်ထက်က အရန်သားဖွား(၆)လသင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ဆောင်ရွက်မှု ရှိခဲ့ပါတယ်။ ၁၉၇၀ ပြည့်လွန်နှစ်များမှ စပြီးတော့ နှစ်စဉ် နှစ်တိုင်း ဖွင့်လှစ်သင်ကြားပေးခဲ့ပေမယ့်လည်း ၂၀၀၀ ပြည့်နှစ်ဝန်းကျင်များမှာ ဖွင့်လှစ်သင်ကြား ပေးခြင်း မရှိတော့ကြောင်း တွေ့မြင်သိရှိရပါတယ်။ လက်ရှိရှမ်းပြည်နယ်အတွင်းမှာ အချို့သောကျေးရွာ များမှာ ရမ်းကုလို့ခေါ်ရတဲ့ တရားမဝင်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို စီးပွားရေး လုပ်ငန်း အဖြစ် လုပ်ကိုင်နေသူများရှိပြီး၊ ပြည်သူများအနေနဲ့လည်း ကျန်းမာရေးစောင့်ရှောက်မှု အလှမ်းဝေး သဖြင့် နီးစပ်ရာများကို အားကိုးအားထားပြုရပြီးတော့ မလိုလားအပ်တဲ့ ဆေးကုသမှု အန္တရာယ်နဲ့ အသက်အန္တရာယ်များ ရှိနေတယ်လို့ ယူဆမိပါတယ်။ နိုင်ငံတော်အနေဖြင့်လည်း ကျေးရွာများအရောက် ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ဆေးပေးခန်းများ ဖွင့်လှစ်ပေးပြီး ဝန်ထမ်းများ စေလွှတ် ခန့်ထား ဆောင်ရွက်နေပါသော်လည်း ဒေသအနှံ့ ရာနှုန်းပြည့် လွှမ်းခြုံနိုင်မှု မရှိသေးတာကိုလည်း ပြည်သူများက ခံစားသိရှိနေကြပါတယ်။

အရန်သားဖွားသင်တန်းများ ဖွင့်လှစ်ပေးခြင်းအားဖြင့် ဒေသတွင်းဆေးပညာနဲ့ ပတ်သက်ပြီး စိတ်ဝင်စားသူများ တက်ရောက်အောင်မြင်ပြီးနောက် မိမိတို့ကျေးလက်တောရွာများမှာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်မှ အသိအမှတ်ပြု လက်မှတ်ရရှိသူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဟာ အခြားသော တရားမဝင် ကုသဆောင်ရွက် နေသူများထက် ပိုမိုလုံခြုံစိတ်ချမယ်လို့ ယူဆပါတယ်။ ကျန်းမာရေး အသိပညာနဲ့ ပတ်သက်ပြီးတော့ အသိအမြင် ဖြန့်ဖြူးပေးနိုင်တဲ့ အရန်သားဖွားဆရာမများရှိနေမယ်ဆိုရင် မွေးလူနာ များက အားကိုး အားထားရာ ရှိတဲ့အပြင် သာမန်ရောဂါများကိုလည်း ကြည့်ရှုစောင့်ရှောက်နိုင်မယ် ဖြစ်ပါတယ်။ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာသည့်တိုင် ရှေးဦးကြိုတင်ပြုစုမှုများ ဆောင်ရွက်နိုင်မယ် ဖြစ်ပါ တဲ့အတွက်ကြောင့် ကျေးရွာနေလူထုများအတွက် မလိုလားအပ်တဲ့ အသက်ဆုံးရှုံးမှုများကို ကာကွယ် ရာလည်း ရောက်နိုင်ပါတယ်။

အဲဒီအပြင်တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ဆေးပေးခန်းစတဲ့ နိုင်ငံတော်က ဖွင့်လှစ်ပေးထားတဲ့ ဌာနများမှာ အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းများ မရှိခြင်း၊ ကျေးလက်ဒေသများအထိ သွားရောက်တာဝန်ထမ်းဆောင်နိုင်မှု မရှိတဲ့ အခြေအနေမှာ အရန်သားဖွား သင်တန်းဆင်းများအနေနဲ့ မိမိတို့ကျေးရွာနဲ့ နီးစပ်ရာကျေးရွာများမှာ ကျန်းမာရေးစောင့်ရှောက်မှု များကို အချိန်ပြည့် ထမ်းဆောင်နိုင်ကြသူများလည်း ဖြစ်ကြပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဖြစ်တဲ့အတွက်ကြောင့် ယခင် ဖွင့်လှစ်သင်တန်းပို့ချခဲ့ဖူးတဲ့ အရန်သားဖွားသင်တန်းဟာ နိုင်ငံတော်အတွက်ရော ပြည်သူလူထု အတွက်ပါ အကျိုးကျေးဇူးများစွာကို ခံစားရရှိနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက် ယခင်ကလိုပဲ လွိုင်လင် ခရိုင်၊ လွိုင်လင်မြို့မှာလည်းကောင်း၊ အခြားသောခရိုင် မြို့နယ်များတွင်လည်းကောင်း၊ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ပါက နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း စဉ်များအနက် ကျေးလက်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အထောက်အကူ ပြုရာရောက်မှာ ဖြစ်တဲ့အတွက် ဖွင့်လှစ်သင်ကြား ဆောင်ရွက်သင့်ကြောင်း တင်ပြပြီးတော့ အောက်ပါ မေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ ဖွင့်လှစ်နိုင်မည့် အစီအစဉ်ကို သိရှိလိုပြီးတော့ ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်မေးခွန်းကတော့ လွိုင်လင်မြို့တွင် အရန်သားဖွား(၆)လသင်တန်းများ ဖွင့်လှစ်သင်ကြား ဆောင်ရွက်မှုကို ၁၉၇၀ ပြည့်လွန်နှစ်များက နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်သင်ကြား ဆောင်ရွက်မှုများ ရှိခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ဖွင့်လှစ်ဆောင်ရွက်မှု မရှိတော့သောကြောင့် ယခင် သင်တန်းမျိုး ယခုတွင် ပြန်လည်ဖွင့်လှစ် သင်ကြားဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလို ပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေး ဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်နှင့် လိုအပ်သည့် ကျန်းမာရေးဌာနဆေးခန်းတိုးချဲ့ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေး ဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်နှင့် လိုအပ်သည့် ကျန်းမာရေးဌာနဆေးခန်း တိုးချဲ့ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနသို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရေးနဲ့ လိုအပ်တဲ့ ကျန်းမာရေးဌာနဆေးခန်း တိုးချဲ့ဆောက်လုပ်ပေးရေးကိစ္စပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စုဟာ ရေနံချောင်းမြို့နဲ့ (၂၇)မိုင်အကွာ နတ်မောက်မြို့နယ်နဲ့ ရေနံချောင်းမြို့နယ်ချင်းဆက် နယ်ကြားမျဉ်းတစ်လျှောက်မှာ တည်ရှိပါတယ်။ ချောင်းဆုံကျေးရွာအုပ်စု ချောင်းဆုံကျေးရွာအပါအဝင် ကျေးရွာ(၃)ရွာရှိပြီး အိမ်ခြေ (၄၉၂)အိမ် လူဦးရေ (၂၅၉၉)ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ ၁၉၇၃ ခုနှစ်မှစပြီးတော့ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ခဲ့ပြီး သားဖွားဆရာမတစ်ဦးဖြင့် တာဝန်ပေးအပ်ကာ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ယခုဆိုလျှင် နှစ်ပေါင်း(၄၀) ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ အဆိုပါ ကျန်းမာရေးဌာနခွဲတွင် အလျား(၁၈)ပေ၊ အနံ(၁၆)ပေ၊ အမြင့်(၁၀)ပေရှိ အဆောက်အဦတစ်လုံးဟာ အလှူရှင်တစ်ဦး၏ စေတနာအရ ကျေးရွာအစီအစဉ်ဖြင့် ဆောက်လုပ်ထားပြီးလည်း ဖြစ်ပါတယ်။ ကျေးလက်ဒေသနေ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနအဆင့် တိုးမြှင့်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ အဆင့်တိုးမြှင့်ပေးနိုင်ပါက ရေနံချောင်းမြို့နယ်အတွင်းရှိ ချိုင်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများရှိ ကျေးလက်နေပြည်သူများ၊ နဂါးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ၊ လေးတိုင်စင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူများ၊ နတ်မောက်မြို့နယ်အတွင်းရှိ ဝက်ချုပ်ကျေးရွာအုပ်စုမှ ကျေးလက်နေပြည်သူများ၊ ချောင်းနက်ကျေးရွာအုပ်စုမှ ကျေးလက်နေပြည်သူများအားလုံး ပိုမိုထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်မှု ရရှိမည်ဖြစ်ပါတယ်။

ဒါ့ကြောင့် ချောင်းဆုံကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေး ဌာနအဆင့်သို့ တိုးမြှင့်ပေးပါရန်နဲ့ လိုအပ်တဲ့ ကျန်းမာရေးဌာနဆေးခန်း အဆောက်အဦ တိုးချဲ့ ဆောက်လုပ်ပေးနိုင်ပါရန် တင်ပြတောင်းခံအပ်ပါတယ်။ သို့ပါ၍ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံ ကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာန အဆင့် တိုးမြှင့်ပေးနိုင်ပါရန်နဲ့ လိုအပ်မယ့် ကျန်းမာရေးဆေးခန်း အဆောက်အဦ တိုးချဲ့ဆောက်လုပ် ပေးနိုင်ရေးအတွက် မည်သည့်ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံ ကျေးလက်နေ ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး များ၊ ဧည့်သည်များအားလုံး ကျွန်မအနေနဲ့ မင်္ဂလာပါလို့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပတ်သက်သော မေးခွန်းများနဲ့ စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီး ဌာန၊ ဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှ ဖြေကြားသွားမှာ ဖြစ်ပါ တယ်ရှင်။

တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ၏ မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံတွင် တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် တွင် အဆိုပြုလျာထားပြီး ခွင့်ပြုရန်ပုံငွေဖြင့် စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ရှမ်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ၏ မေးခွန်းနဲ့ စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၁၉၇၈ ခုနှစ်၊ ပြည်သူ့ကျန်းမာရေးစီမံကိန်း (People Health) နဲ့ စတင်သည်မှစ၍ မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာပေါင်း စုစုပေါင်း(၆၀၀၀၀)ကျော်အနက် ကျန်းမာရေးဝန်ကြီးဌာနမှ ခန့်ထား၍ ဆောင်ရွက် ပေးနိုင်သည့် သားဖွားဆရာမဦးရေမှာ ၎င်းအချိန်က အရေအတွက်(၁၀၀၀၀)ပင် မပြည့်သဖြင့် ကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှု အထူးသဖြင့် မိခင်နဲ့ကလေးကျန်းမာရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် အရန်သားဖွားသင်တန်းများ၏ လိုအပ်ချက်ကို အလေးထား၍ အရန်သားဖွားဆရာမများ သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်စရိတ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်နဲ့ ဒေသခံများ ပူးပေါင်းတာဝန်ယူခြင်းဖြင့်လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှ စ၍ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သော ကလေးသူငယ်ရှင်သန်ရေးစီမံချက်မှ (၁)နှစ်လျှင် သားဖွားဆရာမ(၁၀၀၀) ဦးရေဖြင့် နှစ်စဉ် ၂၀၀၀ ခုနှစ်အထိ ဖွင့်လှစ်ပေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသည့်အတိုင်း ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ထိုစဉ်က နိုင်ငံတော်စရိတ်ဖြင့် သင်တန်းပို့ချရာ တွင် တစ်နေ့လျှင်(၂၀)ကျပ်နှုန်းဖြင့် သားဖွားဆရာမ(၁)ဦးအား (၁)လလျှင် (၆၀၀)ကျပ်၊ (၆)လ သင်တန်းအတွက် (၃၆၀၀)ကျပ်ဖြင့် ပို့ချခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ၎င်းအချိန်တွင် လိုအပ်သော သင်တန်းကုန်ကျစရိတ်များကို ကာမိရန်အတွက် ကျန်းမာရေးဝန်ကြီး ဌာနနှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ပူးပေါင်း၍ အရန်သားဖွားဆရာမများ သင်တန်းဖွင့်လှစ်ပေးခဲ့ပြီး အခြားပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ပံ့ပိုးမှုဖြင့်လည်း ဒေသအသီးသီးမှာ သားဖွားဆရာမများသင်တန်းကို ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်မှစ၍ တစ်နိုင်ငံလုံး အရန် သားဖွားဆရာမများသင်တန်းကို ပိုမိုပို့ချနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးစီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိရာမှာ ပထမဦးစွာ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအနေဖြင့် အရန်သားဖွားဆရာမသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ သဘောတူညီချက် ရယူခဲ့ပြီး ဆောင်ရွက်ခဲ့ပါတယ်။

ယင်းကဲ့သို့ ဆောင်ရွက်ခဲ့ရာ၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၅)မြို့နယ်မှ တစ်ကြိမ်လျှင် သင်တန်းသူ(၅၀၀)ဦးဖြင့် (၁)နှစ်လျှင် သင်တန်း(၄)ကြိမ်ဖွင့်လှစ်၍ အရန်သားဖွား ဆရာမများကို မွေးထုတ်ရန် ဆောင်ရွက်ခဲ့ရာ ပထမအကြိမ်သင်တန်းကို ၂-၇-၂၀၁၂ မှ ၉-၁-၂၀၁၃ ရက်နေ့ထိလည်းကောင်း၊ ဒုတိယအကြိမ်သင်တန်းကို ၁-၁၀-၂၀၁၂ ရက်နေ့မှ ၁၃-၅-၂၀၁၃ ရက်နေ့ထိလည်းကောင်း ဖွင့်လှစ်ပြီးဖြစ်၍ သင်တန်းသူများအတွက် လက်စွဲစာအုပ်နှင့် သားဖွား ကိရိယာနဲ့ ဆေးဝါးများ ပါဝင်သော လက်စွဲပုံး (Kit) ပုံးများ ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့ ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သားဖွားဆရာမ မရှိသောကျေးရွာတိုင်းမှာ အရန်သားဖွားဆရာမ(၁)ဦးစီ ရှိစေရေးအတွက် မကွေးတိုင်းဒေသကြီးတွင် အရန်သားဖွားဆရာမသင်တန်း ဖွင့်လှစ်ပေးသကဲ့သို့ ကျန်သော တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် လည်း ဖွင့်လှစ်သွားရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများအားလုံးသို့ စီမံချက်ဖြင့် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များအလိုက် အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်တွင် ကျေးရွာပေါင်း(၂၅၉)ရွာ ရှိရာ လက်ရှိ သားဖွားဆရာမပေါင်း (၂၀)ဦးနှင့် အရန်သားဖွားဆရာမပေါင်း (၃၅)ဦး ရှိပါသဖြင့် အရန် သားဖွားဆရာမ(၂၀၄)ဦး ထပ်မံလိုအပ်မည်ဖြစ်ပြီး အဆိုပါကိစ္စအတွက် လွိုင်လင်ခရိုင် ကျန်းမာရေး ဦးစီးဌာနအနေဖြင့် အရန်သားဖွားဆရာမအသစ် လေ့ကျင့်မွေးထုတ်ခြင်းကို မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ပူးပေါင်းကူညီမှုဖြင့် ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ပေး သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ၏ မေးခွန်းနဲ့ ပတ်သက်၍ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိပြီးပါက လိုအပ်မည့် အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အနီးဆုံးဘဏ္ဍာရေးနှစ်တွင် လိုအပ်သော ဘဏ္ဍာငွေများ အဆိုပြုလျာထားတင်ပြမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အနီးဆုံးဘဏ္ဍာရေးနှစ် ဟု ဆိုရာတွင် ၂၀၁၄-၂၀၁၅ တွင် ထည့်သွင်းဆောင်ရွက်ရန်အတွက် လျာထားပြီးဖြစ်ပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဖြည့်စွက်ရန်ပုံငွေရရှိပါက အဆိုပါ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**မောင်တောမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအတွက် ဝန်ကြီးဌာနမှ ပေးပို့ခဲ့သော မီးစက်(၂)လုံးအား အာမခံကာလ(၁)နှစ် မပြည့်မီပျက်သွားသည်ကို မည်သို့အရေးယူဆောင်ရွက်မည် ဆိုသည်နှင့် မောင်တောမြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီး ပုံမှန်ရရှိရေးအတွက် မည်သို့စီမံပေးမည်ကို သိရှိလိုခြင်း နှင့်စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်သာခင် က မောင်တောမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအတွက် ဝန်ကြီးဌာနမှ ပေးပို့ခဲ့သော မီးစက်(၂)လုံးအား အာမခံကာလ(၁)နှစ်မပြည့်မီ ပျက်သွားသည်ကို မည်သို့အရေးယူ ဆောင်ရွက်မည်ဆိုသည်နှင့် မောင်တောမြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီး ပုံမှန်ရရှိရေးအတွက် မည်သို့စီမံပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်သာခင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးလိုတဲ့မေးခွန်းက မောင်တောမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် ဝန်ကြီးဌာနမှ ပေးပို့တဲ့ မီးစက်(၂)လုံးကို အာမခံကာလ(၁)နှစ်မပြည့်မီ ပျက်သွားလို့ မည်သို့အရေးယူ ဆောင်ရွက်မည်ဆိုသည်နှင့် မောင်တောမြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီး ပုံမှန်ရရှိရေးအတွက် မည်သို့စီမံပေးမည်ကို သိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမြို့မီးလင်းရေးကော်မတီကို မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖတို့ဖြင့် ဦးစီးစီမံဆောင်ရွက်လျက်ရှိပါတယ်။ မီးပေးချိန်မှာ ညနေ(၆)နာရီခွဲမှ (၁၀)နာရီခွဲထိ ဖြစ်ပါတယ်။ မောင်တောမြို့မှာ ယခင် လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းက (500)KVA စက်(၂)လုံးဖြင့် လျှပ်စစ်

ဓာတ်အားကို ဖြန့်ဖြူးပေးခဲ့ပါတယ်။ ဒီစက်တွေဟာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်လို့အတွက်နဲ့ ခရိုင်မြို့ တစ်မြို့ဖြစ်တဲ့ မောင်တောမြို့အတွက် လျှပ်စစ်ဓာတ်အား မလုံလောက်ပါသဖြင့် သက်ဆိုင်ရာ ဌာန အကြီးအကဲများက (၁၀၀၀)ကေဗွီအေစက်တစ်လုံး တောင်းဆိုရာ သက်ဆိုင်ရာဝန်ကြီးဌာနမှ (၁၀၀၀)ကေဗွီအေ အစား (၃၀၀)ကေဗွီအေ Gesan စက်တစ်လုံးနှင့် (၃၀၀)ကေဗွီအေ Cumming စက်တစ်လုံးကို ပေးပို့ခဲ့ပါတယ်။ ယခင် Yarmar စက်နှစ်လုံးမှာ ဟောင်းနွမ်းပြီး ဓာတ်အားပုံမှန် မထုတ်ပေးနိုင်တဲ့ အတွက် နောက်တစ်ခါ သက်ဆိုင်ရာမှ (၅၀၀)ကေဗွီအေ Inmesol စက်တစ်လုံးကို ထပ်မံဖြည့်ဆည်းပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ပေးပို့ခဲ့တဲ့ (၃၀၀)ကေဗွီအေ Gesan စက်ကို ၁၉-၁၀-၂၀၁၁ ခုနှစ် တွင် စတင်လည်ပတ် ဓာတ်အားပေးလို့ (၄)လခန့်အကြာ ၂၂-၂-၂၀၁၂ ခုနှစ်တွင် ပျက်သွား ပါတယ်။ တဖန် (၅၀၀)ကေဗွီအေ Inmesol စက်မှာလည်း ၂၁-၉-၂၀၁၂ တွင် စတင်ဓာတ်အား ပေးပြီး ၂၅-၂-၂၀၁၃ ခုနှစ် (၅)လခန့်အကြာမှာပျက်သွားပါတယ်။ ဤစက်အသစ်စက်စက်များ (၁)နှစ် မပြည့်မီ ပျက်သွားလို့ သက်ဆိုင်ရာကုမ္ပဏီက တာဝန်ယူပြုပြင်ပေးရမယ်လို့ အာမခံထားရှိ ကြောင်းကိုလည်း ကျွန်တော် သိရှိရပါတယ်။ သက်ဆိုင်ရာသို့ အကြိမ်ကြိမ် အကြောင်းကြားသော် လည်း တစ်စုံတစ်ရာ ဆောင်ရွက်ပေးမှုမရှိပါ။ အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော် သက်ဆိုင်ရာကို ဆက်သွယ်တဲ့ စာတွေကို ကျွန်တော် မဖတ်ပြတော့ပါဘူး။ မေးခွန်းနဲ့အတူ တင်ပြပေးပြီးတော့ တင်ပြ ထားပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးလိုတဲ့ မေးခွန်းကတော့ ပျက်နေတဲ့ အသစ်စက်စက် မီးစက်(၂)လုံးကို မည်သို့ ဆောင်ရွက်ပေးမည်ဆိုသည်နှင့် (၂) မောင်တောမြို့ ရပ်ကွက်များတွင် လျှပ်စစ်မီး ပုံမှန်ရရှိရေးအတွက် မည်သို့စီစဉ်ပေးမည်ကို မဲဆန္ဒရှင်များကိုယ်စား သိလိုပါ၍ ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၇။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန် ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မောင်တောမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအတွက် ဝန်ကြီးဌာနမှ ပေးပို့ခဲ့သော ဓာတ်အားပေးစက်(၂)လုံး (၅၀၀)ကေဗွီအေ MTU စက်နဲ့ (၃၀၀) ကေဗွီအေ Gesan စက်တို့ဟာ အာမခံကာလ တစ်နှစ်မပြည့်ခင် ချို့ယွင်းသွားခဲ့၍ အမေရိကန် နိုင်ငံမှ ထုတ်လုပ်တဲ့ (၃၀၀)ကေဗွီအေ Cumming အင်ဂျင်စက်နဲ့ ဂျပန်နိုင်ငံမှ ထုတ်လုပ်သည့်

(၅၀၀)ကေဗွီအေ Yarmar စက်တို့ဖြင့် အစားထိုး ဓာတ်အားပေးခဲ့ရကြောင်း တင်ပြအပ်ပါတယ်။ (၅၀၀)ကေဗွီအေ MTU စက်ဟာ မောင်တောမြို့ကို ၃၀-၉-၂၀၁၂ ရက်နေ့မှ စတင်ဓာတ်အားပေး ပြီးတော့ ၂၁-၂-၂၀၁၃ ရက်နေ့မှ စက်ချို့ယွင်းခဲ့တဲ့အတွက် (၅၀၀)ကေဗွီအေ Yarmar စက်ကို ၁၁-၃-၂၀၁၃ ရက်နေ့မှာ အစားထိုး ဓာတ်အားပေးခဲ့ပါတယ်။ (၃၀၀)ကေဗွီအေ Gesan စက်ဟာ ၁၉-၁၀-၂၀၁၁ ရက်နေ့မှာ စတင် ဓာတ်အားပေးပြီး ၂၂-၂-၂၀၁၂ ရက်နေ့မှာ စက်ချို့ယွင်းခဲ့သဖြင့် (၃၀၀)ကေဗွီအေ Cumming စက်နဲ့ ၂၆-၂-၂၀၁၂ ခုနှစ်မှာ အစားထိုးဓာတ်အားပေးခဲ့ပါတယ်။

ချို့ယွင်းသွားတဲ့ ဓာတ်အားပေးစက်(၂)လုံးအနက် (၃၀၀)ကေဗွီအေ Gesan စက်ကို ပြုပြင် ပြီးစီးပြီး ဖြစ်လို့ ၉-၇-၂၀၁၃ ရက်နေ့မှာ စတင်မောင်းနှင် ဓာတ်အားပေးနေပြီ ဖြစ်ပါတယ်။ ကျန်(၅၀၀)ကေဗွီအေ MTU ဓာတ်အားပေးစက်ကို သက်ဆိုင်ရာကုမ္ပဏီမှ လိုအပ်တဲ့ Fuel injector, Piston နဲ့ Sleeve များ နိုင်ငံခြားမှ မှာယူရောက်ရှိလာပြီဖြစ်တဲ့အတွက် အခုအခါမှာ အမြန်ပြီးစီးရေးအတွက် ပြုပြင်လျက်ရှိပါတယ်။ အဆိုပါစက်(၂)လုံး ချို့ယွင်းခဲ့ရတဲ့ အကြောင်းအရင်း ပြင်ဆင်ခဲ့ ရမှုအခြေအနေတို့နဲ့ ပတ်သက်လို့ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခု အချိန်မှာတော့ မောင်တောမြို့မှာ (၃၀၀)ကေဗွီအေ Cumming အင်ဂျင်၊ (၅၀၀) ကေဗွီအေ Yarmar စက်နဲ့ (၃၀၀)ကေဗွီအေ Gesan ဓာတ်အားပေးစက်(၃)လုံးတို့ဖြင့် တစ်နေ့လျှင် မီးပေးချိန်(၄)နာရီပုံမှန် ဓာတ်အားပေးလျက်ရှိပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားအစားအသောက် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းလည်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၄ -

အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၄ကို အောက်ပါအတိုင်းအစားထိုးရမည် -

ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အစားအသောက်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၁၀ -

အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၈ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက် (သောကြာ)နေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို (၁၀း၄၄)နာရီအချိန်တွင် ရပ်နားပါသည်။]